ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်
Yangon Protestant Reformed Church
**တနင်္ဂနွေစာစောင်၊ နံပတ် (၆၆)**

နေ့စွဲ – ၁၃. ၂. ၂၀၁၁

## လူသားတော်ဆိုသည့်အမည်အကြောင်း

(The Name Son of Man)

သခင်ယေရှုသည် ဘုရားသခင့်သားတော်ဖြစ်သည်သာမကပါ၊ သူသည် လူသားတော်လည်းဖြစ်ပါသည်။ ဤအမည်က ကျွန်တော်တို့ကယ်တင်ရှင်၏ လူသားစစ်စစ်ဖြစ်ခြင်းကို အထူးပြုပါသည်။

ဤနာမည်သည် သခင်ယေရှုက သူကိုယ်သူ လိပ်မူသောအမည်လည်းဖြစ်သည်။ ကျွန်တော်တို့မျှော်လင့်ထားသလိုပင် ထိုအမည်ကို အထူးသဖြင့် ရှင်လုကာခရစ်ဝင်တွင်တွေ့ရပါသည်။ ရှင်ယောဟန်က အံ့ဩစရာအမှန်တရားဖြစ်သည့် သခင်ယေရှု၏ဘုရားဖြစ်တော်မူခြင်းကို အထူးပြုချင်သဖြင့် ဘုရားသခင်၏သားတော်ဆိုသောအမည်ကို ထပ်ခါထပ်ခါအသုံးပြုသကဲ့သို့၊ ရှင်လုကာကလည်း သခင်ယေရှုသည် အပြစ်မှလွဲ၍ အရာခပ်သိမ်းတွင် ကျွန်တော်တို့နှင့်ဘာမဆိုတူကြောင်းကို အထူးပြုချင်သဖြင့် လူသားတော်ဆိုသောအမည်ကို သုံးထားရခြင်းဖြစ်ပါသည်။ ရှင်လုကာက သခင်ခရစ်တော်၏ လူသားဖြစ်ခြင်းကို အထူးပြုချင်သဖြင့်၊ သူ၏မွေးဖွားခြင်းနှင့်ယဇ်စဉ်ဘဝအကြောင်းများကို အပြည့်စုံဆုံး ပြောပြရခြင်းဖြစ်ပါသည်။

ယေရှုသည် လူသားတော်ဖြစ်သည်ဆိုသည်မှာ သူသည်လည်း ကျွန်တော်တို့ကဲ့သို့ လူ့ဘဝသို့ မွေးဖွားလာပါသည်ဟုဆိုလိုခြင်းဖြစ်သည်။ သူသည် ဤကမ္ဘာကြီးပေါ်တွင် နေထိုင်လျက် သေဆုံးခဲ့ပါသည်။ ကျွန်တော်တို့နှင့် တသွေးထဲတသားထဲဖြစ်ပါသည်။ သူသည် ကျွန်တော်တို့ကဲ့သို့ လူသားမျိုးနွယ်၏တကယ့်အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။ ထို့အပြင် "ငါတို့ကဲ့သို့ အခြေအနေအားလုံး၌ သွေးဆောင်ခြင်းခံခဲ့ရသော်လည်း အပြစ်မရှိသူဖြစ်ပါသည်"ဟုဆိုရာလည်းရောက်ပါသည် (ဟေဗြဲ ၄း၁၅၊ ကျမ်းဘုရင်မူ)။

ယေရှုသည် ပြည့်ဝသော၊ စစ်မှန်သော လူသားဖြစ်သည်ဆိုသည့်အမှန်တရားသည် အလွန်အရေးကြီးပါသည်။ သူသည် ဘုရားဖြစ်တော်မူသည်ဆိုသော အမှန်တရားနှင့်အတူတူအရေးကြီးလှပါသည်။ သူသာ ကျွန်တော်တို့နှင့်တပုံစံတည်းတူသော လူသားမဟုတ်ခဲ့ပါလျှင်၊ ကျွန်တော်တို့၏ ကယ်တင်ရှင်ဖြစ်နိုင်မည်မဟုတ်ပါ။ လူသားအနေနှင့် သူသည် အာဒံနေရာကို အစားထိုးယူပေးပါသည် (၁ကော ၁၅း၄၅–၄၇)။ ထို့နောက် ဘုရားသခင့်ရှေ့တွင်ကျွန်တော်တို့၏ကိုယ်စားလှယ် ဖြစ်လာပါသည်။ ကျွန်တော်တို့၏ ကိုယ်စားလှယ်အနေနှင့် သူသည် ကျွန်တော်တို့၏အပြစ်များကို မိမိအပေါ်သို့ ယူဆောင်ပေးသည်၊ ထိုအပြစ်များအတွက် ယူရမည့်တာဝန်ကို အပြည့်အဝယူပေးသည်၊ ကျွန်တော်တို့အတွက် အပြစ်မှဖြေလွှတ်ခြင်းကို ပြုလုပ်ပေးပါသည်။

သူသာ လူသားမဟုတ်ခဲ့ပါလျှင်၊ ဝေဒနာများကိုခံစားလျက် သေနိုင်မည်မဟုတ်ပါ။ သူသည် ပြည့်ဝသောလူသားမဟုတ်ခဲ့ပါလျှင်၊ ကျွန်တော်တို့ကိုယ်စားနေရာယူလျက် ကျွန်တော်တို့အပြစ်များအတွက် အပြစ်ဒဏ်ကိုခံစားလျက် တရားနည်းလမ်းကျစွာ လက်ဝါးကပ်တိုင်ပေါ်အသေခံပေးနိုင်သူမဖြစ်နိုင်ပါ၊ အဘယ်ကြောင့်ဆိုသော် လူသား ၏အပြစ်ကို လူသားကသာ ခံပေးရပါမည်။ အကယ်၍သာ သူသည် နေရာတိုင်း၌ ကျွန်တော်တို့နှင့်တူညီသောသူ မ ဖြစ်ခဲ့ပါလျှင်၊ သူသည် သနားတတ်သော ကျင်နာခြင်းရှိသော "ငါတို့ချည့်နဲ့ခြင်း၏ ခံစားချက်များကို ဂရုဏာထားသူ" ယဇ်ပုရောဟိတ်မင်းကြီး ဖြစ်နိုင်မည်မဟုတ်ပါ၊ (ဟေဗြဲ ၄း၁၅)။

လူတဦးအဖြစ် သခင်ယေရှုသည်၊ ဘုရားသခင်၏အဖြစ်တော်အားလုံး ပြည့်ဝစွာ လူသားခန္ဓာအတွင်း၌ ရှိနိုင်သူတဦးဖြစ်ပါသည် (ကော ၂း၉)။ ထို့ကြောင့် သူသည် (သူ့အားဖြင့်၄င်း၊ သူမှနေ၍၄င်း) ကျွန်တော်တို့ကို မျက်စိဖြင့်တွေ့မြင်၍မရသော၊ လှပခန်းနားခြင်းအလုံးစုံပိုင်တော်မူသော ဘုရားသခင်အား တွေ့မြင်စေသူ ဖြစ်ပါသည်။ မိမိ ၏မျက်နှာတွင် "ဘုရားသခင်၏လှပခန်းနားခြင်း၏အသိပညာ၏အလင်း"ကို တောက်ပစေသူဖြစ်ပါသည် (၂ကော ၄း ၆)။ သခင်ယေရှုက "ငါ့ကိုတွေ့သောသူသည်၊ ခမည်းတော်ကိုတွေ့သူဖြစ်သည်"ဟု ပြောခဲ့ပါသည် (ယော ၁၄း၉)။

ထိုသို့လျှင်၊ လူသားတော်ဆိုသောအမည်၌ ယုံကြည်သူတို့အတွက် ကြီးသောနှစ်သိမ့်စရာသည်ရှိနေပါသည်။ ထိုအမည်သည် သခင်ယေရှုကိုယ်တိုင်က သူ ဤကမ္ဘာပေါ်တွင် နေခဲ့သည်၊ ကျွန်တော်တို့လို တူညီသောဝေဒနာအရပ်ရပ်ကို ခံစားခဲ့သည်၊ ကျွန်တော်တို့ကဲ့သို့ နေရာစုံထောင့်စုံတွင် သွေးဆောင်ဖျားယောင်းခြင်းကို ခံခဲ့သည်၊ ကျွန်တော်တို့ သေသလို သေခဲ့သည်၊ ထို့နောက် ထာဝရခန်းနားခြင်းသို့ ထမြောက်ခဲ့သည် ဆိုသည်တို့ကို ပြောပြရာ နည်းလမ်းဖြစ်ပါသည်။ ထိုသို့ပြောခြင်းသည် သူ ကျွန်တော်တို့၏လိုအပ်ချက်များကို တကယ်သိပါသည်ဟု ဆိုလိုခြင်းဖြစ်

သည်။ အရာခပ်သိမ်းကို သိနေသူတယောက်အနေနှင့်သာသိခြင်းမဟုတ်၊ ထိုလိုအပ်ချက်များကို (အသွေးအသားနှင့်ရှိခဲ့စဉ်နေရက်များ၌) ကိုယ်တိုင် လိုအပ်ခဲ့သူတယောက်အနေနှင့်သိပါသည်ဟု ပြောခြင်းဖြစ်သည်(ဟေဗြဲ ၅း၇)။ ထိုအချက်က သူသည် ကျွန်တော်တို့ကို ကျွန်တော်တို့၏အားနည်းချက်များ၊ မပြည့်စုံမှုများခံစားကြရချိန်တွင် ကူညီနိုင်သူတယောက်ဖြစ်ကြောင်း သဘောပေါက်စေပါသည်။ အဘယ်ကြောင့်ဆိုသော် သူကိုယ်တိုင်က ထိုအရာများကို တကယ်တွေ့ကြုံခဲ့သူဖြစ်သည်။ ထိုအချက်သည် လူသားက လူသားအတွက် အပြစ်ဖြေခြင်းကို ပြုခဲ့ပြီးကြောင်း၊ ခရစ်တော်၏သေခြင်းတွင် ကယ်တင်နိုင်သောတန်ခိုးရှိကြောင်း သေချာစေမှုဖြစ်ပါသည်။ လူသားတော်အနေနှင့် သခင်ယေရှုသည် ကျွန်တော်တို့၏အကိုကြီးစင်စစ် ဖြစ်ပါသည်။

## မောနွေလဆိုသည့်အမည်အကြောင်း

(The Name Immanuel)

မောနွေလဆိုသောအမည်ကို ကျမ်းစာတွင် နှစ်ကြိမ်သာ တွေ့ရသည်။ ကတိတော်ပေးသော ဟေရှာ ၇း၁၄ နှင့် ထိုကတိတော်ပြည့်စုံခြင်း မဿဲ ၁း၂၃ တွင်ဖြစ်သည်။

အမည်၏အဓိပ္ပါယ်မှာ "ဘုရားသခင်ငါတို့နှင့်အတူရှိသည်"ဖြစ်သည်။ ကောင်းကင်တမန် ဂေဘရီအဲလ်မှတဆင့် ဘုရားသခင်ကိုယ်တိုင်ကပေးသော အဓိပ္ပါယ်ဖြစ်ပါသည်။

ထိုနာမည်ကို ပထမဆုံးအကြိမ် ဓမ္မဟောင်းကျမ်း ဟေရှာ ၇း၁၄ တွင်တွေ့ရသည်၊ ပရောဖက်ဟေရှာယက ရှင်ဘုရင်အာခတ်ထံပြောပြခြင်းဖြစ်သည်။ ထိုနာမည်ကိုကြေညာရခြင်းသည် ဘုရားသခင်က အာခတ်မင်းထံ ပေးသောနိမိတ်လက္ခဏာ၏ တစိတ်တပိုင်းဖြစ်သည်၊ ပြောချင်သောအကြောင်းမှာ ယုဒနိုင်ငံထဲရှိ ဘုရားသခင်အပေါ်သစ္စာရှိသောသူတို့ကို အလွန်ခက်ခဲသောအချိန်တွင် စွန့်ပစ်မည်မဟုတ်၊ ဘယ်တော့မှ ပစ်ထားမည်မဟုတ်ကြောင်းကို သေချာစေခြင်းဖြစ်ပါသည်။

ဟေရှာယ၏ပရောဖက်ပြုချက် သခင်ခရစ်တော်မွေးဖွားချိန် အမည်ပေးသည့်အခါ ပြည့်စုံလာသည်၊ ထိုသို့ဖြင့် ဘုရားသခင်သည် သူ့လူများနှင့်အတူရှိသည်၊ သူတို့ကို မစွန့်ပစ်ကြောင်းကို ပြောပြတော်မူပါသည်။ သူသည် သူတို့ထံတွင် မောနွေလအားဖြင့် ရှိတော်မူပါမည်။ မောနွေလကြောင့် သူတို့ကို ဘယ်တော့မှ စွန့်မပစ်ပါ။

ထို့ကြောင့် မောနွေလဆိုသောအမည်က သခင်ယေရှုသည် တဦးတည်းအတွင်း၌ ဘုရားလည်းဖြစ်သလို၊ လူသားလည်းဖြစ်ပါသည်ဟု ဖေါ်ပြနေပါသည်။ သူ့အထဲမှနေ၍ ဘုရားသခင်သည် ကျွန်တော်တို့နှင့်နီးနိုင်သမျှအနီးဆုံးအဖြစ်နှင့် ရှိတော်မူသည်။ ထိုသို့ဖြင့် မောနွေလ ဆိုသောအမည်က ဘုရားသခင်၏ သူသည်သူ့လူများထံ အမြဲရှိပါမည်ဟု ပေးသည့် ပဋိညာဉ်ကတိတော်ရှိသမျှကို ပြည့်စုံလာစေပါသည်။

သခင်ယေရှုသည် မောနွေလအနေနှင့် သူငယ်ချင်းမိတ်ဆွေဖြစ်မှု၊ မိတ်သဟာယဖွဲ့မှုပဋိညာဉ်ကို အကောင်အထည်ပေါ်လာစေသူအမှန်ပင်ဖြစ်ပါသည်။ မိမိကိုယ်ကိုအတွင်း ဘုရားဖြစ်ခြင်းနှင့်လူသားဖြစ်ခြင်းတို့ ပေါင်းစပ်မှုဖြင့်၊ သခင်ယေရှုသည် ကျွန်တော်တို့ကို ဘုရားဇာတိအား ပါဝင်ဆက်ဆံစေသူများ ဖြစ်လာစေပါသည် (၂ပေ ၁း၄)။ ထို့အပြင် ဘုရားသခင်၏တပါးတည်းသောမွေးထားသောသားတော်အဖြစ်နှင့် သူသည် ကျွန်တော်တို့နှင့်နေလျှက်၊ ကျွန်တော်တို့အထဲ၌လည်းနေတော်မူကာ မပျက်ဆီးနိုင်သော၊ မပြတ်နိုင်သော ညီညွတ်စွာအတူရှိခြင်းကို ဖြစ်စေပါသည် (ဂလာတိ ၂း၂၀)။ ထိုသို့ဖြင့် သူသည် ကျွန်တော်တို့၏အရိုး၊ ကျွန်တော်တို့၏အသား ဖြစ်လာပါသည် (ဧဖက် ၅း၃၀)။

မောနွေလအနေနှင့် သခင်ယေရှုသည် ဘုရားသခင်၏တဲတော်အစစ်၊ ဗိမ္မာန်တော်အစစ် ဖြစ်ပါသည်၊ ဗျာဒိတ်ကျမ်း ၂၁း၃ ကပြောသောကတိတော်ကို ပြည့်စုံစေသူဖြစ်ပါသည်၊ "ကောင်းကင်ဘုံမှ ကြီးသောအသံကား၊ ဘုရားသခင်၏တဲတော်သည် လူတို့တွင်ရှိ၏၊ လူတို့နှင့်အတူ ကျိန်းဝပ်တော်မူမည်၊ သူတို့သည် ကိုယ်တော်၏လူဖြစ်ကြလိမ့်မည်၊ ဘုရားသခင်သည် ကိုယ်တော်တိုင် သူတို့နှင့်အတူ ရှိနေ၍ သူတို့၏ ဘုရားသခင်ဖြစ်တော်မူမည်။" ထို့အတွက်ကြောင့် ယေရှုရှလင်မြို့သစ်တွင် ဗိမ္မာန်တော် မလိုရခြင်းဖြစ်ပါသည်၊ "မြို့ထဲ၌ ဗိမ္မာန်တော်ကို ငါမမြင်၊ အကြောင်းမူကား၊ အနန္တတန်ခိုးနှင့်ပြည့်စုံတော်မူသော ထာဝရအရှင်ဘုရားသခင်နှင့်သိုးသငယ်သည် ထိုမြို့၏ဗိမ္မာန်တော် ဖြစ်တော်မူ၏" (၂၂)။

မောနွေလဆိုသောအမည်က ခရစ်တော်၏အလုပ်ကိုလည်း ပြညွှန်ပါသည်။ အဘယ်ကြောင့်ဆိုသော် အပြစ်ဖြေခြင်းကိုမပြုမချင်း ဘုရားသခင်သည် အပြစ်သားတို့နှင့်အတူမနေနိုင်၍ဖြစ်ပါသည်။ ထို့ကြောင့် ထိုအမည်က "ဘုရားသခင်သည် ခရစ်တော်၌ရှိလျှက်၊ တကမ္ဘာလုံးကို မိမိထံသို့ ရန်ငြိမ်းစရာပြုတော်မူပါသည်"ဆိုသည့်အချက်ကို သတိရနေစေပါသည် (၂ကော ၅း၁၉)။ ဘုရားသခင်သည် မောနွေလထဲမှနေ၍ ကျွန်တော်တို့နှင့်အတူနေတော်မူပါ

သည်၊ ကျွန်တော်တို့၏ပျောက်ဆုံးနေသောအဖြစ်သို့ လာရောက်လျက်၊ ကျွန်တော်တို့၏အပြစ်များကို သူ့အပေါ်ယူတင်ဝတ်ဆောင်လျက်၊ ထိုသို့ဖြင့် ကယ်တင်ရန်နှင့်အပြစ်မှလွတ်ခြင်းကိုရနိုင်ရန် ကျွန်တော်တို့၏အပြစ်များအားလုံးကို ဖယ်ရှားပေးပါသည်။

ထို့ကြောင့် ယုံကြည်အားလုံးတို့ထံ မောရှေလဆိုသောအမည်သည် မည်မျှကောင်းချီးကိုပေးသောအမည်ဖြစ်ပါသနည်း? အတိုဆုံးပြောရလျှင် ထိုအမည်သည်၊ ဧဝံဂေလိသတင်းကောင်းက ကျွန်တော်တို့ထံ ကယ်တင်ရှင်၏အကြောင်း၊ သူ့အားဖြင့်ရသောကယ်တင်ခြင်းသည် မည်မျှကောင်းချီးနှင့်ပြည့်ဝကြောင်းတို့ကို ပြောပြနေပါသည်။

## ရှိသမျှသောအမည်တို့ထက်မြင့်သောအမည်အကြောင်း
(A Name Above Every Name)

ကျွန်တော်တို့ကယ်တင်ရှင်၏အမည်အမြောက်အများကို ကျမ်းစာတွင် မှတ်တမ်းတင်ပေးထားပါသည်။ ကယ်တင်ရှင်အနေနှင့် ယေရှု၏တန်းခိုးတော်၊ လုပခန်းနားခြင်းတို့ကို ကျွန်တော်တို့ထံ သင်ပေးရန် ဘုရားသခင်က ထိုအမည်များကို ကျွန်တော်တို့ထံ ပေးထားခြင်းဖြစ်ပါသည်။

ထိုအမည်များထဲမှ အရေးကြီးဆုံးအမည်များကို ကျွန်တော်တို့ လေ့လာခဲ့ကြပြီဖြစ်သည်။ ယေရှု၊ ခရစ်တော်၊ အရှင်သခင်၊ ဘုရားသခင်၏တပါးတည်းသာမွေးထားသောသားတော်၊ လူသားတော်၊ မောရှေလ စသည်တို့ဖြစ်ကြသည်။

သူ၏အခြားသောအမည်များသည်လည်း အရေးကြီးကြပါသည်။ ၄င်းတို့က သူ၏အဖြစ်အနေတမျိုးမျိုးကိုအထူးပြုဖေါ်ပြကြပါသည်။ ဥပမာ၊ ရှရွန်နှင်းဆီ၊ တောင်ကြားထဲမှလီလီပန်း စသည်တို့က ကယ်တင်ရှင်အနေဖြင့် သူမည်မျှလှပကြောင်းကို ပြောပြကြသည် (ရှောလမုန်သီချင်း ၂း၁)။ ယုဒအမျိုးအနွယ်၏ခြင်္သေ့(ဗျာ ၅း၅)၊ ကမ္ဘာကြီး၏ရှင်ဘုရင်တို့၏ရှင်ဘုရင်(ဗျာ ၁း၅) စသည့်အမည်တို့က သူ၏ရှင်ဘုရင်ဖြစ်ခြင်းတန်ခိုးကို သတိရစေပါသည်။

အခြားသောအမည်များ၊ ဒါဝိတ်၏သားတော် (မဿဲ ၁း၁)၊ ဒါဝိတ်၏အမြစ် (ဗျာ ၂၂း၁၆)၊ ဦးခေါင်း (ကော ၂း၁၉)၊ သတို့သား (မဿဲ ၉း၁၅) စသည်တို့က ဓမ္မဟောင်းကာလ၊ ဓမ္မသစ်ကာလ နှစ်ခုစလုံးရှိ အသင်းတော်နှင့် သူ ၏ဆက်သွယ်မှု၊ ဆက်စပ်မှုတို့ကို ဖေါ်ပြပါသည်။

ဤနေရာတွင် ကယ်တင်ရှင်၏နှိမ့်ချတော်မူခြင်းအခြေအနေကို ဖေါ်ပြသောအမည်များလည်း ရှိကြပါသည်။ ခြောက်သွေ့သောမြေပေါ်မှပေါက်လာသောအညှောင့်ငယ်(ဟေရှာ ၅၃း၂)စသည်မျိုးဖြစ်သည်။ အခြားသောအမည်တို့က သူ၏ချီးမြှောက်တော်မူခြင်းခံရပုံကို ပြောပြကြပါသည်၊ လုပခန်းနားခြင်း၏အရှင်သခင် (၁ကော ၂း၈)။ သူ၏ဘုရားဖြစ်တော်မူခြင်းကို ဖေါ်ပြကြသောအမည်များလည်း ရှိပါသည်၊ မြင်၍မရသောဘုရားသခင်၏ပုံသဏ္ဌာန် (ကော ၁း၅)၊ အံ့ဩဖွယ်၊ အကြံပြုသူ/တိုင်ပင်ဖေါ်တိုင်ပင်ဖက်၊ အနန္တတန်ခိုးတော်ရှင်၊ ထာဝရအဖ (ဟေရှာ ၉း၆)၊ နှုတ်ကပတ်တော် (ယော ၁း၁)၊ အာလ်ဖါနှင့်အိုမီဂါ (ဗျာ ၁း၈)။ အချို့သောအမည်တို့က သူ၏လူဖြစ်ခြင်းကို ဖေါ်ပြကြသည်။ သားဦး (ကော ၁း၁၅)၊ သေခြင်းမှပထမမွေးဖွားသူ (ဗျာ ၁း၅)၊ ဒါဝိတ်၏သား (မဿဲ ၂၁း၉)။

ကယ်တင်ရှင်၏ အချို့သောအမည်တို့က သူ၏အလုပ်ကို ပုံဖေါ်ပြကြပါသည်။ ဘုရားသခင်၏သိုးသငယ် (ယော ၁း ၂၉)၊ ငြိမ်းချမ်းရေးအရှင် (ဟေရှာ ၉း၆)၊ သိုးထိန်းကောင်း (ယော ၁၀း၁၁)၊ အုပ်ချုပ်ရေးမှူး (မဿဲ ၂း၆)။ အချို့အမည်တို့က သူ၏အလုပ်အားဖြင့် သူသည် ကျွန်တော်တို့ထံတွင် မည်သို့သောသူဖြစ်ကြောင်းကို ပြောပြကြသည်။ ဖြောင့်မတ်ခြင်းနေမင်း (မာလခိ ၄း၂)၊ ပဋိညာဉ်အကြောင်းပြောပြပေးသူ (မာလခိ ၃း၁)၊ လမ်း၊ အမှန်တရား၊ အသက် (ယော ၁၄း၆)၊ အသက်ပေးသောအစာ (ယော ၆း၈)၊ သစ္စာရှိသက်သေခံ (ဗျာ ၁း၅)။

ထိုနာမည်များအားဖြင့် ယေရှုသည် ထာဝရ၊ အနန္တတန်ခိုးရှင်၊ မပြောင်းလဲသောသစ္စာရှင်၊ လုပခန်းနားခြင်းအလုံးစုံပိုင်သူဖြစ်ကြောင်း ကျွန်တော်တို့ သင်ယူနိုင်ကြပါသည်။ သူသည် အားလုံးကို မြင်သည်၊ သိသည်၊ အုပ်ချုပ်ပါသည်။ သူသည် ဘုရားသခင် အသွေးအသားဖြင့်ပေါ်လာသူ ဖြစ်ပါသည်။ မိမိလူတို့၏တဦးတည်းသောကယ်တင်ရှင်ဖြစ်ပါသည်။ အမှန်ပြောရလျှင် သူ့အကြောင်း ကျွန်တော်တို့သိသမျှသည် ထိုအမည်များ၌ တခုမဟုတ်တခုတွင် ရှင်းစွာပြောပြနေကြပါသည်။ ထို့ကြောင့် ထိုနာမည်များသည် ဘုရားသခင်က သူ့အကြောင်းကို ကျွန်တော်တို့ထံ ဖွင့်ပြတော်မူခြင်းတွင် အရေးကြီးသောအစိတ်အပိုင်းများ ဖြစ်ကြရခြင်းဖြစ်ပါသည်။

သူ၏နာမည်တခုစီတိုင်းတွင် ကျွန်တော်တို့သင်ရသည်မှာ သူ့ထံ၌ "နာမည်တိုင်းထက် ပို၍မြင့်မားသောအမည်" ရှိနေသည်ဆိုသည့်အကြောင်းဖြစ်ပါသည်(ဖိလိ ၂း၉)။ သူ၏အမည်များကို လေ့လာခြင်းအားဖြင့် အခြားကယ်တင်ရှင်မရှိနိုင်ကြောင်း သိလာကြပါသည်။ ထို့ကြောင့် မိမိတို့၏ယုံကြည်ခြင်းအားကိုးခြင်းများကို သူ့ထံသို့သာ ထားကြဖို့ အားပေးခံရကြပါသည်။ ထိုနည်းလမ်းဖြင့် သူ၏နာမည်များအကြောင်းကို သိကြသော ကျွန်တော်တို့၊ သူသည်

**ချစ်စရာကောင်းကြောင်း၊ လှတသောင်းလျှင် တယောက်ပင် မရှိလောက်အောင်ချစ်စရာကောင်းသူဖြစ်ကြောင်း သိလာကြပါသည်။ ထိုအခါ ကျွန်တော်တို့က "ဤသူသည် ငါချစ်ရသူ၊ ငါ့သူငယ်ချင်း"ဟု ပြောလာကြပါတော့သည် (ရှောလမုန်သီချင်း ၅း၁၆)။**

(Doctrine According to Godliness, Rev. Ronald Hanko**၏စာအုပ်မှ ဘာသာပြန်ပါသည်**)

## ကောင်းကင်နိုင်ငံတော်၏ စုသိမ်းခြင်းအကြောင်း (ပထမပိုင်း)

## The Gathering of the Kingdom (Part 1)

**(၄၅)–တနည်းကား၊ ကောင်းကင်နိုင်ငံတော်သည် ပင်လယ်၌ချ၍အမျိုးမျိုးသောငါးတို့ကိုအုပ်မိသောပိုက်ကွန်နှင့်တူ၏။ (၄၈)–ငါးနှင့်အပြည့်ရှိသောအခါ တံငါတို့သည်ကုန်းပေါ်သို့ဆွဲတင်၍ထိုင်လျက်၊ ကောင်းသောငါးကိုခြင်းထဲ သို့ရွေးချယ်ထဲ့ထား၍၊ မကောင်းသောငါးကိုပြင်သို့ပစ်လိုက်ကြ၏။ (၄၉)–ထိုနည်းတူကမ္ဘာအဆုံး၌ကောင်းကင်တမန်တို့သည်ဆင်းလာပြီးလျှင်၊ ဖြောင့်မတ်သောသူတို့အထဲမှ ဆိုးသောသူတို့ကိုနှုတ်ယူခဲ့ထား၍၊ (၅၀)–ငိုကြွေးခြင်း၊ အံသွားခဲကြိတ်ခြင်းရှိရာမီးဖို၌ချကြလတံ့ –(မဿဲ ၁၃း၄၇–၅၀)။**

**မိတ်ဆက်စကား**

**သမ္မာကျမ်းအနက်ဖွင့်သူအများအပြားက ဤပုံဥပမာနှင့်ပေါင်းမြက်ပင်ပုံဥပမာ(၂)ခုအကြားတွင် အလွန်ထူးခြားသောမျဉ်းပြိုင်တခုရှိနေကြောင်းလေ့လာတွေ့ရှိခဲ့ကြ၏။ ပုံဥပမာ(၂)ခုစလုံးက လူ့သမိုင်းတွင်ပေါ်ထွန်းလာသောကောင်းကင်နိုင်ငံတော်အတွင်း၌လူကောင်းနှင့်လူဆိုးတို့ အနီးကပ်ယှဉ်တွဲလျက်ရှိနေကြလိမ့်မည်ဟု အမှန်ပင်ပြောပြနေပါသည်။ ဤတူညီမှုက လူအများအပြားကို ဤပုံဥပမာ(၂)ခုကိုတူညီသည်ဟုယူဆသွားစေတတ်ပါ၏။**

**ဤသို့သောတူညီမှုရှိကြောင်းထင်ရှားနေသော်လဲ၊ အရေးကြီးသောမတူညီမှုတခုရှိနေပါသေး၏။ ပေါင်းမြက်ပင်ပုံဥပမာထဲတွင် ကောင်းကင်နိုင်ငံတော်တည်ထောင်ပြီးသောနောက် နတ်ဆိုးကြီးက ဘုရားသခင်၏လူများအကြားတွင် ဆိုးညစ်သောသူများကိုထည့်သွင်းပေးနေသည့်အကြောင်းကို အာရုံစိုက်ဖေါ်ပြထား၏။ ထို့ကြောင့် ထိုပုံဥပမာက သမိုင်းဝင်ကောင်းကင်နိုင်ငံတော်အတွင်းတွင် ဆိုးညစ်သောသူတို့ပါရှိနေရခြင်းအကြောင်းကို နတ်ဆိုးကြီး၏ရည်ရွယ်ချက် ရှုထောင့်မှနေ၍ပုံဖေါ်ထားခြင်းဖြစ်၏။ ဤပုံဥပမာထဲမှာတော့ အချိန်ကာလတည်းဟူသောပင်လယ်ပြင်ကြီးထဲမှ ကောင်းသောငါးနှင့်ဆိုးသောငါးအားလုံးရောနှော၍ သိမ်းကြုံးဖမ်းအုပ်သွားသောပိုက်ကွန်–အကြောင်းပြောပြထား၏။ နိုင်ငံတော်သားများကို စုသိမ်းခြင်းအကြောင်းနှင့် နိုင်ငံတော်ထဲတွင်ဆိုးညစ်သောသူတို့ရှိနေခြင်းကိုရှောင်လွှဲ၍မရနိုင်သောအဖြစ်အပေါ် အလေးအနက်ထားပြောပြနေခြင်းဖြစ်၏။ ဘုရားသခင်သည် သူ၏လူများအတွင်းတွင် ဆိုးညစ်သောသူတို့ ရောနှောပါဝင်နေသော်လဲ စုသိမ်းမြဲဖြစ်၏။ ထို့အတူ ဘုရားသခင်ကသူ၏အသင်းတော်ကိုစုသိမ်းရာတွင် ထားရှိသောသဘောထားကလဲ ဆိုးညစ်သောသူတို့မလွှဲမရှောင်သာပါဝင်ဖို့အကြောင်းဖြစ်နေ၏။**

**ဤပုံဥပမာသည်လဲ တချို့သောပုံဥပမာများကဲ့သို့ပင် တပည့်တော်များ၏ကောင်းကျိုးအတွက်ရည်ရွယ်၍သွန်သင်ပေးနေခြင်းဖြစ်၏။ သူတို့၏ နိုင်ငံတော်နှင့်စပ်လျဉ်း၍မှားယွင်းသောထင်မြင်ယူဆချက်များကို ဆန့်ကျင်၍အမှန်ကိုသိနိုင်ရန်သွန်သင်ပေးထား၏။ တပည့်တော်များသည် သူတို့ကိုယ်တိုင်အထက်တန်းအရာရှိကြီးများအဖြစ် ပါဝင်ခွင့်ရမည့် လောကီနိုင်ငံတော်မျိုးကိုစိတ်ကူးယဉ်နေကြယုံသာမကဘဲ၊ ထိုနိုင်ငံတော်သည် ဂျူးလူမျိုးတို့အတွက်သာသီးသန့်ဖြစ်သည်ဟုထင်နေကြ၏။ ထို့ကြောင့် နိုင်ငံတော်သားများကိုစုသိမ်းဖို့အရေးသည်လဲ မွေးရာပါဂျူးဖြစ်သူကိုသာလက်ခံရမည့်သဘောဖြစ်သောကြောင့်–သူတို့အတွက်တော့လွယ်ကူနေ၏။ ဤသို့သော မွေးရာပါဂျူးဖြစ်ရခြင်းကနိုင်ငံတော်ထဲတွင်နေရာတနေရာစာအသေအချာရရှိနိုင်မည့်အခွင့်ထူးဟူ၍၄င်း၊ အကယ်၍တပါးအမျိုးသားအဖြစ်မွေးဖွားလာသူတဦးဖြစ်လျှင်လဲ သူသည်အရေဖြားလှီးမင်္ဂလာခံယူခြင်း၊ ဧမ္မဟောင်းကာလ–ဆိုင်းနိုင်းတောင်–ပေါ်မှရရှိလာသော မောရှေ၏ထုံးတမ်းစဉ်လာပညတ်တော်များကို ခံယူကျင့်သုံးခြင်း –တို့အားဖြင့် ဂျူးတယောက်ဖြစ်လာနိုင်ပေသည် –စသဖြင့် ခံယူထားကြ၏။**

**ထို့ကြောင့်သခင်ဘုရားက နိုင်ငံတော်သည် အကျယ်ပြန့်ဆုံးအဓိပ္ပါယ်အားဖြင့် စကြာဝဠာလုံးဆိုင်ရာနိုင်ငံတော်ဖြစ်ရမည်ဖြစ်ကြောင်းကို ညွှန်ပြလိုက်ခြင်းဖြစ်သည်။ ဤသို့ညွှန်ပြလိုက်ခြင်းအားဖြင့် (ပထမဆုံး)– ဂျူးအဖြစ်မွေးဖွားလာခြင်းသည် မလုံလောက်သေးကြောင်းသေချာသွားသည်။ ဘုရားသခင်က မြေကြီးပေါ်ရှိလူမျိုးနိုင်ငံအားလုံးအထဲမှနေ၍ သူ၏နှုတ်ကပတ်တော်နှင့်ဝိညာဉ်တော်အားဖြင့် သူ၏အသင်းတော်ကို စုသိမ်းလျက်ရှိပါ၏။ (ဒုတိ ယအားဖြင့်)– ခေတ်သစ်ကာလအတွင်းရှိ အစ္စရေးအမျိုးနှင့် ကောင်းကင်နိုင်ငံတော်(အသင်းတော်) (၂)ခုစလုံးတွင် နောက်ဆုံးသော အချိန်မရောက်မချင်းဖယ်ထုတ်၍မရနိုင်သော**

လမ်းလွဲခြင်းမျိုးစေ့(ဆိုးသောငါး)များအမြဲတမ်းရှိနေ လိမ့်မည်။ ပါလက် စတိုင်းဒေသတွင် ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းဟောပြောခဲ့သောအချိန်ကလဲ ဂျူးအားလုံး ကယ်တင်ခြင်းခံခဲ့ရ သည်မဟုတ်ပါ၊ ထို့အတူ လောကီနိုင်ငံအရပ်ရပ်သို့ သတင်းကောင်းရောက်ရှိသွားသောအခါတွင် လဲ တပါးအမျိုးသားအားလုံးကယ်တင်ခြင်းခံခဲ့ရသည်မဟုတ်။ နိုင်ငံတော်သည် စကြာဝဠာလုံးဆိုင်ရာဖြစ်သော်လည်း (ကျေးဇူးတော်အားဖြင့်ရွေးကောက်ခြင်းခံရသူ)အကြွင်းအကျန်များဖြင့် တည်ထောင်သောနိုင်ငံအဖြစ်ဆက်လက်တည် ရှိနေပါ၏။

## ပုံဥပမာ၏အကြောင်းအရာများ

သခင်ယေရှု ညနေခင်းအနားယူရာဆိတ်ငြိမ်သောအိမ်ဂေဟာအတွင်းမှာ သူ၏တပည့်တော်များကိုပြောပြခဲ့သော၌ပုံဥပမာအတွင်းမှာ သူတို့နှင့်ကျွမ်းသေပေါက်ရင်းနှီးပြီးသား အကြောင်းအရာများပါဝင်နေ၏။ သခင်ယေရှုက သူ၏တပည့်တော်များကို သူတို့နှစ်ပေါင်းများစွာစီးပွားရှာနေခဲ့သော လှပသည့်ဂါလိလဲပင်လယ်ကမ်းခြေရှိ သူတို့ ၏ငါးဖမ်းပိုက်များထဲမှခေါ်ထုတ်လာခဲ့ခြင်းဖြစ်၏။ ထို့ကြောင့် ယခုသခင်ယေရှုသရုပ်ဖေါ်ပြနေသော အကြောင်းအ ရာမျိုးကို သူတို့မကြာခဏကြုံတွေ့ခဲ့ကြရပြီးဖြစ်၏။

သခင်ဘုရားက ကောင်းကင်နိုင်ငံတော်၏ဝိညာဉ်ရေးရာ အမှန်တရားများကိုသွန်သင်ပေးဖို့ ဤသို့ရင်းနှီးနေပြီးသားအကြောင်းအရာများကိုသုံးလိုက်ခြင်းဖြစ်၏။ တပည့်တော်များအတွက်တော့ သူတို့နေ့စဉ်လုပ်ကိုင်ခဲ့ကြသော အလုပ်များသည် နောင်တချိန်သူတို့ကိုယ်တိုင် အရေးကြီးသောအခန်းကဏ္ဍမှပါဝင်ကြရလိမ့်မည့် ဝိညာဉ်ရေးရာ အမှန်တရားတခုကို သရုပ်ဖေါ်ပြောပြနေသည်ဟုလုံးဝမတွေးမိခဲ့ကြမည်မှာ သေချာပါသည်။

သခင်ယေရှု၏ပုံဥပမာထဲမှ ပိုက်ကွန်သည် ဆွဲပိုက်အကြီးစားမျိုးဖြစ်ပြီး တခါတရံမိုင်ဝက်အထိရှည်တတ်၏။ အပေါ်ပိုင်းမှာဖေါ့တုံးများ၊ အောက်ပိုင်းမှာခဲတုံးများတပ်ဆင်ထားခြင်းဖြင့် ရေထဲမှာ ထောင်လိုက်ကြီးတည်ရှိနေနိုင် ၏။ ရေတိမ်ပိုင်းမှာ ငါးဖမ်းဖို့အဓိကသုံးလေ့ရှိ၏။ လှေ(၂)စီးအကြားမှာပိုက်ကြိုးကိုမျဉ်းဖြောင့်အနေထားအတိုင်း ဆွဲ ယူသွားကြပြီးမှ အဖြား(၂)ဖက်ကို ကမ်းခြေဖက်သို့တဖြည်းဖြည်းဝေ့ဝိုက်ဆွဲယူသွားကြခြင်းဖြင့် ငါးများထွက်ပေါက်မရှိ တော့ဘဲ ကမ်းခြေအနားမှာအလွယ်တကူဖမ်းယူနိုင်ကြ၏။ ထိုနေရာမှာဆိုးသောငါးများကို လွှင့်ပစ်လိုက်ကြ၍ ကောင်းသောငါးများကို အခြောက်လှမ်းထားလိုက်ကြ၏။

တံငါသည်များသည် ကောင်းသောငါးများရဖို့သာငါးဖမ်းကြခြင်းဖြစ်၏။ သူတို့သည် ဆိုးသောငါးများအပေါ်တွင် စိတ်မဝင်စားကြပါ။ သူတို့ကိုယ်တိုင်လဲစားလို့ရ၊ ဈေးမှာလဲရောင်းလို့ရသောငါးမျိုးကိုသာဖမ်းဖို့ ရည်ရွယ်ထားကြ၏။ သို့ပေမဲ့ သူတို့ငါးဖမ်းရာတွင်သုံးသော နည်းလမ်း၏ပင်ကိုယ်သဘာဝကိုယ်နှိုက်က တန်ဖိုးမရှိသော၊ စား၍မရသောငါးများကိုလဲ သိမ်းကျုံးဖမ်းမိစေလိုက်ခြင်းဖြစ်၏။ ထိုတန်ဖိုးမရှိသောငါးများရနိုင်ဖို့အတွက် ရေထဲသို့ပိုက်ကွန်ဖြင့်ဆွဲ၍ ဖမ်းဆီးနေခြင်းမဟုတ်ပါ။ ဆိုးသောငါးများပိုက်ကွန်ထဲပါလာကြခြင်းမှာ ပိုက်ကွန်အသုံးပြု၍ငါးဖမ်းချိန်၌သူတို့မပါအောင်ရှောင်လွှဲ၍မရသောကြောင့်ဖြစ်၏။ ထို့ကြောင့် ပိုက်ကွန်ကိုကမ်းခြေသို့အရောက်ဆွဲမသွားမချင်း ဆိုးသောငါးများသည် ကောင်းသောငါးများနှင့်ခွဲထုတ်မခံရကြသေးပါ။

သခင်ဘုရား၏ ဆိုလိုရင်းအဓိပ္ပါယ်သည် နှိုင်းယှဉ်သောအားဖြင့်ကြည့်လျှင် ရှင်းလင်းပါသည်။ ပင်လယ်ဟု ဆိုရာ၌သခင်ဘုရားကဤကမ္ဘာကြီးတခုလုံးကို ဆိုလိုခြင်းဖြစ်၏။ သခင်ယေရှုက နိုင်ငံတော်သားများကို ဂျူးလူမျိုးတို့၏ ပါလက်စတိုင်းဒေသကွက်ကွက်ကလေးမှသာ စုသိမ်းမည်မဟုတ်ဘဲ၊ လူမျိုးအားလုံး၊ နိုင်ငံအားလုံး၊ ဘာသာစကားအားလုံး –တို့အထဲမှစုသိမ်းသွားမည်ဖြစ်ကြောင်း ပြောပြလိုခြင်းဖြစ်၏။ ဤအချက်ကို ပုံဥပမာထဲတွင်အမျိုးမျိုးသောငါးမျိုးတို့ကိုဖမ်းမိလျက်ရှိကြောင်းဖေါ်ပြခြင်းအားဖြင့် ပို၍အလေးအနက်ထားသွန်သင်ပေးနေပါ၏။ ငါးအမျိုးအစားတမျိုးထဲမျှသာမဟုတ်ဘဲ၊ အမျိုးမျိုးသောငါးမျိုးများကို ပိုက်ကွန်ထဲစုသိမ်းမိထားပါ၏။ ကောင်းသောငါးနှင့်ဆိုးသောငါးတို့ကိုခွဲခြားရာ၌သူတို့၏အမျိုးအားဖြင့်ခွဲခြားခြင်းမဟုတ်ဘဲ၊ သူတို့ဘယ်အမျိုးထဲကဘဲဖြစ်ဖြစ် တန်ဖိုးရှိမှုမရှိမှုကိုကြည့်၍ ခွဲခြားခြင်းဖြစ်၏။ အတိတ်ကာလတုန်းက နိုင်ငံတော်သည် ဂျူးအမျိုးတခုတည်းကိုသာသူ၏နိုင်ငံသားဖြစ်စေလျက် ကာနန်နယ်(ယခု–အစ္စရေးနိုင်ငံ)ထဲ၌သာသီးသန့်တည်ထောင်ခဲ့ခြင်း မှန်ကန်ပါသည်၊ သို့သော် ဤအချက် ပြောင်းလဲချိန်ရောက်လာပါပြီ။ ပင်တီကော့စ်(သန့်ရှင်းသောဝိညာဉ်တော်ဆင်းသက်ခြင်း)ရောက်တော့မည်၊ အသင်းတော်သည်လဲ အစ္စရေးအမျိုး၏ကျဉ်းမြောင်းသောဘောင်ကလေးထဲမှရုန်းထွက်၍ လောကီနိုင်ငံအရပ်ရပ်သို့ပျံ့နှံ့သွားခြင်းဖြင့် စကြာဝဠာလုံးဆိုင်ရာဖြစ်လာပါတော့မည်။

ပိုက်ကွန်က နိုင်ငံတော်၏–မြင်သာသောလုပ်ဆောင်ချက်၊ တိုးတက်ဖွံ့ဖြိုးခြင်း၊ ထင်ရှားသိသာစေခြင်း–တို့ကို ပုံဆောင်နေပါ၏။ ပိုက်ကွန်အတွင်းတွင် ငါးများဖမ်းမိလျက်ရှိ၏။ နိုင်ငံတော်သားများသည် လောကီနိုင်ငံအရပ်ရပ် ကို လွှမ်းခြုံစုသိမ်းလာသောပိုက်ကွန်၏လုပ်ဆောင်ချက်အားဖြင့် နိုင်ငံတော်အတွင်းသို့ယူဆောင်ခြင်းခံနေကြရ၏။ ဤလုပ်ဆောင်ချက်ဆိုသည်မှာ ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းဟောပြောခြင်းဖြစ်၏။ နိုင်ငံတော်၏ ဝိညာဉ်ရေးရာလှုပ်ရှားမှုသည် အသင်းတော်အားဖြင့် ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းဟောပြောခြင်းဖြစ်၏။ ဤနည်းလမ်းအားဖြင့် နိုင်ငံတော်သားများစုသိမ်းခြင်းခံနေကြရပြီး၊ နိုင်ငံတော်တည်ထောင်လျက်ရှိပါ၏။

ပိုက်ကွန်အတွင်း၌ဖမ်းမိလျက်ရှိသော ကောင်းသောငါးများသည် ရွေးကောက်ခြင်းခံရသောနိုင်ငံတော်သါးများဖြစ်ကြ၏။ သူတို့သည် ဘုန်းထင်ရှားသောနိုင်ငံတော်ထဲတွင်နေထိုင်ကြဖို့ ဘုရားသခင်ကထာဝရကာလ ကထဲက ခန့်အပ်ထားခြင်းဖြစ်၏။ သူတို့သည် အသွေးတော်အားဖြင့်တန်ဖိုးပေး၍ ရွေးနှုတ်ခြင်းခံရသောသူများဖြစ်ကြ၏။ သူတို့သည် ဘုရားသခင်၏ကတိတော်အရ ကောင်းကင်နိုင်ငံတော်ကိုအမွေဆက်ခံကြရမည့်သူများဖြစ်၏။ ဆိုးသောငါးများသည် ပြစ်တင်ရှုတ်ချခြင်းခံရသောမျိုးစေ့များဖြစ်ကြပြီး၊ (ပဋိညာဉ်တရားနှင့်နိုင်ငံတော်အတွင်းမှာမွေးဖွားလာကြသော်လည်း) နောက်ဆုံးသောကာလတွင် အပြင်သို့နှင်ထုတ်ခြင်းခံရမည့်သူများဖြစ်ကြ၏။ ကမ်းခြေသည် လူ့သမိုင်းနိဂုံးချုပ်ချိန်မှာ ပေါ်ထွက်လာမည့်ထာဝရကာလ၊ လူသားအားလုံးသခင်ခရစ်တော်ရှေ့သို့ရောက်သွားကြမည့်ကာလ – ကို ဆိုလို၏။ ကောင်းသော/ဆိုးသော ငါးများကိုခွဲခြားကြမည့်သူများမှာ ကောင်းကင်တမန်များဖြစ်၏။ ဘုရားသခင် ၏လူတို့ကိုယ်စား နေ့ရောညပါကြိုးစားလုပ်ဆောင်နေကြသော ဘုရားသခင်၏ အမှုတော်ဆောင်ဝိညာဉ်များဖြစ်၏။ ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းဟောပြောခြင်းနှင့် အသင်းတော်အားစုသိမ်းခြင်းတို့နှင့် နီးကပ်စွာဆက် စပ်မှုရှိနေသော ပိုက်ကွန်ဖြင့်ငါးဖမ်းခြင်းအမှုအားဖြင့် သခင်ဘုရားကသီးခြားနေရာ(၂)ခုတွင် အံ့သြဘွယ်ရာနိမိတ်လက္ခဏာပြုလုပ်ခဲ့ခြင်းမှာလဲ ထူးခြားလှပါ၏။

ထိုအဖြစ်အပျက်ထဲမှတခုမှာ သခင်ဘုရား၏သာသနာပြုခြင်းအစပိုင်း(လုကာ ၅း၁–၁၁) မှာဖြစ်၍၊ နောက်တခုမှာ သခင်ဘုရား၏သေခြင်းမှရှင်ပြန်ထမြောက်ခြင်းပြုပြီးနောက်ပိုင်း(ယော ၂၁း၁–၆)တွင်ဖြစ်၏။ ဤအဖြစ်အပျက်(၂)ခုစလုံး ဂါလိလဲပင်လယ်တွင်ဖြစ်ပေါ်ခဲ့ခြင်းဖြစ်၏။ (၂)ကြိမ်စလုံးတွင် အံ့သြဘွယ်ရာတန်ခိုးပြခြင်းရှိခဲ့၏။ (၂)ကြိမ်စလုံးတွင် သခင်ဘုရားကသူ၏တပည့်တော်များအား––လူကိုများသောတံငါ––ဖြစ်စေမည့်အကြောင်း ရှင်းလင်းစွာပြသခဲ့၏။ အံ့သြဘွယ်ရာတန်ခိုးပြခြင်း(၂)ခုစလုံးတွင် တန်ခိုးပြသူသည် သခင်ခရစ်တော်ဖြစ်ကြောင်းကိုအလေးအနက်ပေါ်ပြထား၏။ သခင်ခရစ်တော်က တပည့်တော်များ၏ပိုက်ကွန်ထဲသို့ ငါးများယူဆောင်ပေးခဲ့၏။ ဤအဖြစ်ကို တပည့်တော်များ တသက်လုံး (သူတို့တတွေလူကိုမျှားသောတံငါဖြစ်လာကြချိန်တွင်လဲ) မမေ့နိုင်ကြတော့ပါ။ သခင်ခရစ်တော်က ငါးများကို သူတို့အတွက် ပိုက်ကွန်ထဲသို့အမြဲတမ်းယူဆောင်လာပေးပါ၏။

## တရားဒေသနာဟောပြောခြင်းပိုက်ကွန်

ကျွန်တော်တို့၏အာရုံစူးစိုက်မှုကို ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းဟောပြောခြင်းအကြောင်းသို့ ခေတ္တခဏပြောင်းရွှေ့ကြပါမည်။ ဘာသိဘာသာအသက်ရှင်တတ်ကြသော ယနေ့ခေတ်ကာလတွင် ဝမ်းမြောက်ဘွယ်ရာသတင်းကောင်း၏အနှစ်သာရကို မကြာခဏတလွဲတချော်ဖြစ်အောင်လုပ်နေကြခြင်းကြောင့်သာမဟုတ်ပါလျှင် ဤသို့လုပ်ဖို့လိုမည်မဟုတ်ပါ။

နိုင်ငံတော်၏သားသမီးများကို (စုသိမ်းသည့်နည်းလမ်း)အပေါ်တွင်အာရုံစိုက်ရန်မဟုတ်ဘဲ၊ (စုသိမ်းခြင်းအကြောင်း)အပေါ်တွင် အာရုံစိုက်ဆင်ခြင်ရန်ဖြစ်၏။ မည်သို့ပင်ဖြစ်စေ နိုင်ငံတော်၏သားသမီးများကိုစုသိမ်းသည့်တန်ခိုးဖြစ်သောဝမ်းမြောက်ဘွယ်ရာသတင်းကောင်းအပေါ် မှတ်ချက်တချို့ချကြရမည်ဖြစ်၏။

ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းသည် နိုင်ငံတော်၏ဝိညာဉ်ရေးရာတန်ခိုးနှင့် အချုပ်အချာအာဏာပိုင်သောတန်ခိုးပင်ဖြစ်၏။ သူ့အထဲတွင်ပါဝင်သောအကြောင်းအရာနှင့်စပ်လျဉ်း၍ပြောရလျှင် ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းသည် သခင်ယေရှုခရစ်တော်အားဖြင့်ဖွင့်ပြသောဘုရားသခင်၏နှုတ်ကပတ်တော်ပင်ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် သခင်ယေရှုသည် အသက်ရှင်သောနှုတ်ကပတ်တော် ဖြစ်သောကြောင့်ဖြစ်၏။ ထို့အတူ သူတဦးတည်းသာလျှင် ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းကို ဟောပြောနိုင်စွမ်းရှိသူဖြစ်၏။ ဤဝမ်းမြောက်ဘွယ်ရာသတင်းကောင်းကို သူကိုယ်တိုင်အသက်ရှင်စေလိုက်သော အသင်းတော်အားဖြင့်သူကိုယ်တိုင်ဟောပြောလျက်ရှိနေ၏။

ဤအမှုအရာထဲတွင်ပါဝင်ပတ်သက်နေသောအရာများသည် အတော်လေးအရေးကြီးမှုရှိနေ၏။ အဘယ့်ကြောင့်ဆိုသော် သခင်ခရစ်တော်ကသူ၏ကိုယ်ပိုင် ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းကိုဟောပြောသည့်အချိန်တွင် ကယ်တင်ခြင်းလျှော့ဈေးအဖြစ်သော်၎င်း၊ လူအားလုံးအပေါ်ထားရှိသောဘုရားသခင်၏ချစ်ခြင်းမေတ္တာအဖြစ်သော်

ငှင်း၊ မိမိစိတ်အလိုကျအတိုင်း လက်ခံချင်လဲဖြစ်/ငြင်းပယ်ချင်လဲဖြစ်သော ဖိတ်ခေါ်ချက်တစ်ခုအဖြစ်သော်၎င်း၊ –မည်သည့်အခါမျှ ဂုဏ်အင်္ဂါသတ်မှတ်နိုင်ခြင်းမရှိပါ။ ဤသို့လုပ်ခြင်းသည် ဂုဏ်အင်္ဂါသတ်မှတ်ခြင်းမဟုတ်ဘဲ၊ ရုပ်ပြောင်ဆွဲခြင်းသာဖြစ်နေ၏။ သခင်ခရစ်တော်သည် အနန္တတန်ခိုးနှင့်ပြည့်စုံသောဘုရားသခင်၏နှုတ်ကပတ်တော်၏ တန်ခိုးမဲ့ကိုယ်စားလှယ်တဦးမဟုတ်သလို သူယူဆောင်လာသောနှုတ်ကပတ်တော်သည်လဲ တန်ခိုးနည်းလွန်းသောကြောင့် လူတယောက်အပေါ် အပြည့်အဝတန်ခိုးပြနိုင်ဖို့အရေး ထိုသူ၏စိတ်ဆုံးဖြတ်ချက်အပေါ်တွင်သာ မှီခိုနေရသောအရာမဟုတ်ပါ။ ထိုကဲ့သို့သောအရာသည်ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းလုံးဝမဟုတ်ပါ။ ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းသည် ကယ်တင်ခြင်းရစေသော ဘုရားသခင်၏တန်ခိုးတော်ဖြစ်၏(ရောမ၁း၁၆)။ ထိုသို့ဖြစ်သောကြောင့် ဤသတင်းကောင်းကို အစိုးပိုင်သော၊ ငြင်းပယ်၍မရသော၊ အကျိုးအာနိသင်ထက်မြက်သော လက်နက်ကရိယာတစ်ခုအဖြစ် (ချီးမြောက်ခြင်းခံရသော)သခင်ခရစ်တော်ကအသုံးပြု၍ ခမည်းတော်ဘုရား၏ ရည်ရွယ်ချက်အားလုံးကို ထမြောက်အောင်မြင်စေလိုက်ပြီးဖြစ်၏။ ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းသည် ရွေးကောက်ခြင်းအမှုကိုသာမက ပြစ်တင်ရှုံ့ချခြင်းအမှုကိုလဲ ပြီးမြောက်စေသောအရာဖြစ်၏။ လူတို့က ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းကို လျှော့ဈေးပေးခြင်းဖြင့် သူ၏အစွမ်းသတ္တိကိုချိနဲ့သွားစေလျှင်သော်မှ၊ ဤသို့လုပ်သောသူသည်အပြစ်ရှိသည်ဟူသောအချက်နှင့် လူတို့ကဖျက်ဆီးရန်ကြိုးစားအားထုတ်နေကြသော်လည်း သခင်ခရစ်တော်က သူ့ကိုယ်ပိုင်ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းကို ဆက်၍ဟောပြောနေမြဲဖြစ်သည် ဟူသောအချက်ကိုပြောင်းလဲမသွားစေပါ။

ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းသည် သူ့အထဲမှာပါဝင်သောအကြောင်းအရာများအားဖြင့် နှုတ်ကပတ်တော်နှင့် အပြည့်အဝလိုက်ဖက်ကိုက်ညီနေပါ၏။ အဘယ့်ကြောင့်ဆိုသော် နှုတ်ကပတ်တော်သည် စာပေအားဖြင့်မှတ်တမ်းတင်ထားသောဘုရားသခင်၏နှုတ်တော်ထွက်ဖြစ်သောကြောင့်ဖြစ်၏။ နှုတ်တော်ထွက်စကား၏ ဗဟိုချက်မလဲဖြစ်၊ နေရာအားလုံးသို့ပျံ့နှံ့ပြီးသားလဲဖြစ် –သောသတင်းစကားမှာ ရွေးကောက်ခြင်းခံသူတို့၏ကယ်တင်ခြင်းအတွက် လက်ဝါးကပ်တိုင်ပေါ်တွင်ဖွင့်လှစ်ပြသပေးနေသော၊ ဘုရားသခင်၏အချုပ်အချာအာဏာပိုင်သော ကျေးဇူးတော်အကြောင်းပင်ဖြစ်၏။ ဤသတင်းစကားမှလွဲ၍ အခြားမည်သည့်သတင်းစကားမှ(ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းအဖြစ်) ဟောပြောခြင်းမပြုသင့်ပါ။

ထို့အပြင်၊ ပိုက်ကွန်သည် ပင်လယ်ပြင်တစ်ခုလုံးကိုနေရာလပ်မကျန် တရွတ်တိုက်သွားခြင်း မဟုတ်သလို၊ ပင်လယ်အတွင်း၌ရှိရှိသမျှ ငါးသတ္တဝါအားလုံးကို ဖမ်းမိသွားခြင်းမဟုတ်ကြောင်း သတိပြုသင့်သည်။ ဤသို့ဆိုခြင်းကြောင့်၊ ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းကိုလောကီနိုင်ငံအရပ်ရပ်သို့ဟောပြောပြီးပြီဟူသောအချက်ကို မဆန့်ကျင်ပါ၊ အဘယ့်ကြောင့်ဆိုသော် ဤသို့ဟောပြောပြီးခဲ့ခြင်း မှန်သောကြောင့်ဖြစ်၏။ သို့သော် ဤသို့ဆိုလိုက်ခြင်းက လူဖြစ်လာသောလူတိုင်းနှင့် လူဖြစ်လာလိမ့်ဦးမည့်လူတိုင်း ဝမ်းမြောက်ဘွယ်ရာသတင်းကောင်း ဟောပြောခြင်းကို ကြားကြရမည်ဟုမဆိုလိုပါ။ ဘုရားသခင်ကလဲ လူအားလုံးတယောက်မကျန် ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းကို ကြားနာကြဖို့အလိုတော်မရှိပါ။ ဘုရားသခင်က သူ့ကိုစိတ်ကျေနပ်စေသောနေရာ၊ သူ့စိတ်သဘောရှိသည့်အတိုင်း ညွှန်ကြားသောနေရာတို့တွင် သူ၏ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းဟောပြောခြင်းဖြစ်ပေါ်စေပါ၏။ ရှိရှိသမျှလူတယောက်စီတိုင်း ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းကိုကြားနာစေရမည်ဟုရည်ရွယ်ချက်ထားရှိသူတိုင်း အရှုံးနှင့်ရင်ဆိုင်ရပြီးဖြစ်ယုံမက အနာဂတ်တွင်လဲ ဆက်လက်ရှုံးနိမ့်နေရဦးမည်ဖြစ်၏၊ အကြောင်းမူကား ဘုရားသခင်က ဤသို့ ရည်ရွယ်ထားခြင်းမရှိ၍ဖြစ်၏။

ထိုသို့မဟုတ်ဘဲ၊ ဘုရားသခင်၏ရွေးကောက်ခြင်းခံရသူများရှိသည့်နေရာတိုင်းမှာ ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းဟောပြောခြင်းရှိနေ၏၊ အကြောင်းမူကား ရွေးကောက်ခြင်းခံရသူရှိသမျှသည် ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းအားဖြင့်သာ ကယ်တင်ခြင်းခံစားကြရသောကြောင့်ဖြစ်၏။ ဤသတင်းကောင်းသည် ကယ်တင်ခြင်းရစေသောဘုရားသခင်၏တန်ခိုးတော်ဖြစ်သည့်အပြင်၊ သေခြင်းတရားနှင့်အပြစ်တရားတို့မှကယ်တင်သောတစ်ခုတည်းသောတန်ခိုးတော်ဖြစ်သောကြောင့်ပေတည်း။

ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းသည် ဟောပြောခြင်းကဏ္ဍ၌ယေဘုယျသဘောဆောင်ခြင်း မှန်ပါသည်။ လူအားလုံးဟုဆိုရာ၌(ရှိရှိသမျှလူအားလုံးဟူ၍)ယေဘုယျသဘောမဆောင်ဘဲ၊ (ရွေးကောက်ခြင်းခံရသူနှင့် ပြစ်တင်ရှုံ့ချခြင်းခံရသူတို့အားလုံး)–ဟူ၍ယေဘုယျသဘောဆောင်ခြင်းဖြစ်၏။ ဟောပြောခြင်းကဏ္ဍ၌ယေဘုယျသဘောဆောင်နေသော်ငြားလည်း၊ ပါဝင်သောအရာများနှင့်ဆိုင်သောကဏ္ဍ၌အတိအကျသဘောဆောင်နေပါ၏။ ဤသတင်းကောင်းက ဘုရားသခင်၏ စကြာဝဠာလုံးဆိုင်ရာချစ်ခြင်းမေတ္တာအကြောင်း မပြောသလို၊ အားလုံးကို ကယ်တင်ခြင်းသို့ ရောက်စေချင်သောဆန္ဒအကြောင်းလဲမပြောပါ။ ဤသတင်းကောင်းက (တိကျသော)လက်ဝါးကပ်တိုင်၏ (တိကျသော)ကယ်တင်ခြင်းအကြောင်းနှင့် ဘုရားသခင်၏ (ကောင်းမြတ်၍တိကျသော)စိတ်ကျေနပ်မှုရှိသည့် အတိုင်းရွေး

ကောက်ထားသည့် တိကျသောလူသားများအတွက် (ကန့်သတ်ထားသော) ပြေငြိမ်းကျေအေးစေခြင်း အကြောင်းတို့ကို ပြောပြထား၏။ ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းသည် ပါဝင်သောအရာများတွင်ဖြစ်စေ၊ လက်တွေ့အကောင်အထည်ပေါ်ရာတွင်ဖြစ်စေ အတော်ကြီးကိုအကန့်အသတ်ရှိနေပါ၏။

ဤဝမ်းမြောက်ဘွယ်ရာသတင်းကောင်းဟောပြောခြင်းသည် နိုင်ငံတော်၏တန်ခိုးစွမ်းအားကို ပြင်ပသဏ္ဍာန်အားဖြင့်အထင်အရှားပြသလိုက်ခြင်းပင်ဖြစ်၏။ ဤနိုင်ငံတော်ကို အတိအကျလူတစုအတွင်းတွင်သာ ကန့်သတ်ထားသောအရာအဖြစ်သော်၎င်း၊ ဂိုဏ်းဂဏတစုတည်းကသာပိုင်ဆိုင်သောအရာတစုအဖြစ်သော်၎င်း၊ ကျွန်တော်တို့လုံးဝမခံယူရပါ။ နိုင်ငံတော်သည် သခင်ခရစ်တော်၏စကြာဝဠာလုံးဆိုင်ရာ (လက်တင်ဘာသာအားဖြင့် ကက်သိုလစ်) အသင်းတော်ဖြစ်၏။ ကမ္ဘာအနှံ့တွင်ထူထောင်ခြင်းရှိနေ၏။ သူ၏အကျယ်ပြန့်ဆုံးသောအဓိပ္ပါယ်အားဖြင့်ကြည့်လျှင် ယခုအချိန်အထိ (အတိုင်းအတာတချို့အားဖြင့်) ဝမ်းမြောက်ဘွယ်ရာသတင်းကောင်း ဟောပြောခြင်းရှိနေသော၊ သမိုင်းဝင်ခရစ်ယာန်အသင်းတော်ခေါင်းစဉ်အောက်မှ အသင်းအဖွဲ့များအထိပါဝင်နေ၏။ ခရစ်ယာန်အဖွဲ့အစည်းကြီး၏ အချို့အစိတ်အပိုင်းများသည် ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းဟောပြောခြင်းမပြုကြတော့တာမှန်ပါသည်။ ထိုသူတို့သည် ကောင်းကင်နိုင်ငံတော်ကိုပေါ်လွင်ထင်ရှားစေရန်မလုပ်ဆောင်ကြတော့ဘဲ၊ အန္တိခရစ်(ခရစ်တော်၏ရန်သူ) နိုင်ငံအတွက်သာ ကြိုတင်ပြင်ဆင်နေကြပါပြီ။

နိုင်ငံတော်သည် ကျယ်ပြန့်သောအဓိပ္ပါယ်အားဖြင့်ဖွင့်လှစ်ပြသလျက်ရှိပြီး၊ ကျယ်ပြန့်သောနယ်ပယ်အတွင်းတွင် ထူထောင်နေပါသည်။ ဤသို့ ပြင်ပသဏ္ဍာန်အားဖြင့်ကြီးထွားခြင်းနှင့် မြင်တွေ့နိုင်သောပေါ်ထွန်းခြင်းအထဲတွင် ဘုရားသခင်၏စစ်မှန်သောသားသမီးများသာမကဘဲ ဘုရားသခင့်ပဋိညာဉ်တရား၏လမ်းလွဲမျိုးစေ့များလဲပါဝင်နေ ၏။ ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းဟောပြောသည့်နေရာတိုင်းမှာ နိုင်ငံတော်တည်ထောင်လျက်၊ ကြီးပွားလျက် ရှိနေပါ၏။ အမှန်စင်စစ် ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းဟောပြောလိုက်ခြင်းကြောင့် ထိုနေရာတွင်နိုင်ငံတော် ၏ ပြင်ပသဏ္ဍာန် ပေါ်လွင်ထင်ရှားသွားခြင်းဖြစ်၏။ နိုင်ငံတော်၏ရည်ရွယ်ချက်မှာ နိုင်ငံတော်၏သားသမီးများကို ဤလောကကြီး၏ အပြစ်နှင့်သေခြင်းတရားတို့အောက်မှ စုသိမ်းဖို့အတွက်မှတပါး အခြားမရှိတော့ပါ။ ဤကိစ္စအမြဲ တမ်း အောင်မြင်ထမြောက်ခြင်းရှိနေ၏၊ အကြောင်းမှာ သခင်ခရစ်တော်က ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းကို ထိန်းချုပ်လျက်ရှိပြီး၊ ထိရောက်မှုရှိစွာနှင့် အချုပ်အချာအာဏာပိုင်စွာ ဟောပြောလျက်ရှိသောကြောင့်သာဖြစ်၏။

(The Mysteries of the Kingdom, Rev. Herman Hanko ၏စာအုပ်ထဲမှ ဘာသာပြန်ပါသည်။)

==========================================================

ဟေဗြဲ ၉း၁–၂၈ ဂျိန်းဘုရင်မှူ

၁ – အမှန်အားဖြင့်ဆိုလျှင်၊ ပထမပဋိညာဉ်၌ ဘုရားသခင်၏ အမှုတော်ဆောင်ခြင်း၏ ဥပဒေသများနှင့် လောကနှင့်ဆိုင်သောဝတ်ပြုရာနေရာ ရှိပါသည်။

၂ – ထို့ကြောင့် တည်ဆောက်ထားသောတဲတော်တွင်၊ ပထမအခန်း၌ ဖယောင်းတိုင်ထွန်းရာတိုင်၊ စားပွဲ၊ ရှေ့တော်မုန့်တို့ ရှိနေသည်၊ ၎င်းကို ဝတ်ပြုရာနေရာဟု ခေါ်သည်။

၃ – ထို့နောက် တဲတော်၏အသန့်ရှင်းဆုံးနေရာဟုခေါ်သည့် ဒုတိယကုလားကာနောက်တွင်၊

၄ – ရွှေလင်ဗန်း၊ အထဲတွင် မန္နမုန့်ထည့်သောရွှေအိုးရှိသည့် ရွှေကွတ်ထားသော ပဋိညာဉ်သေတ္တာ၊ အပွင့်များပွင့်သောအာရုန်၏ တောင်ဝှေး၊ ပဋိညာဉ်ကျောက်ပြားများတို့ ရှိကြပါသည်။

၅ – ထိုသေတ္တာပေါ်တွင် လှပခန်းနားသောခေရုဗိမ်တို့က အရိပ်မိုးထားသော ဂရုဏာတော်အဖုံး ရှိပါသည်။ ထိုအရာတို့အကြောင်း ယခုအခါ အသေးစိတ်ပြောပြရန် မရှိကြတော့ပါ။

၆ – ထိုသို့ အရာခပ်သိမ်းကို နေရာချပြီးသောအခါ၊ ယဇ်ပုရောဟိတ်တို့သည် တဲတော်ပထမအခန်းသို့ အမြဲဝင်ရောက်ကြလျှက်၊ ဘုရားသခင့်အမှုတော်ကို ပြီးမြောက်ရန် ထမ်းဆောင်ကြသည်။

၇ – သို့သော် ဒုတိယအခန်းသို့မူ၊ အကြီးဆုံးယဇ်ပုရောဟိတ်သာ တနှစ်လျှင်တကြိမ် ဝင်ရပါသည်၊ ဝင်သည့် အခါတွင်လည်း မိမိ၏အမှားများနှင့် လူထု၏အမှားများအတွက် ယဇ်ပူဇော်ရန် သွေးမပါဘဲ မဝင်ရပါ။

၈ – ထိုအကြောင်းအရာအားဖြင့် သန့်ရှင်းသောဝိညာဉ်တော်က အဓိပ္ပါယ်သက်ရောက်စေသည်မှာ၊ ပထမတဲတော်ရပ်တည်နေသမျှကာလပတ်လုံး၊ အသန့်ရှင်းဆုံးနေရာသို့ ဝင်ရမည့်လမ်း မပေါ်သေးဆိုသည့်အကြောင်းဖြစ်သည်။

၉ – ၎င်းသည် မျက်မှောက်အချိန်အတွက် ပုံဆောင်ချက်တခုဖြစ်သည်၊ ထိုပုံဆောင်ချက်တွင် လက်ဆောင်များနှင့် ပူဇော်သက္ကာများကို ပူဇော်ပါသည်၊ ထိုအရာတို့က ပူဇော်သူကို သူ၏သြတ္တပ္ပစိတ်နှင့် ပတ်သက်၍ ပြည့်စုံသူ ဖြစ်မလာစေနိုင်ပါ။

၁၀ – ၎င်းသည် စားစရာများ၊ သောက်စရာများနှင့်၊ မျိုးစုံသောဆေးကြောခြင်းများ၊ အသွေးအသားနှင့်ဆိုင်သော လုပ်ထုံးလုပ်နည်းများ၌သာ ရပ်တည်ပါသည်၊ ပြန်လည်ပြုပြင်ခြင်းအချိန် မတိုင်မှီသာ သူတို့အပေါ် ထားရှိခြင်း ဖြစ်သည်။

၁၁ – သို့သော် ခရစ်တော်သည် နောက်ရောက်လာမည့်ကောင်းသောအရာများ၏ ယဇ်ပုရောဟိတ်အနေနှင့် လာခဲ့ပါသည်၊ လက်များဖြင့်မလုပ်သော၊ ဆိုလိုသည်မှာ ဤအဆောက်အဦးနှင့်မဆိုင်သော၊ ပို၍ကြီးမြတ်သော၊ ပြည့်စုံသော တဲတော်နှင့် လာခဲ့ပါသည်။

၁၂ – ဆိတ်များ၊ နွားငယ်များ၏အသွေးနှင့်မဟုတ်၊ မိမိ၏အသွေးတော်နှင့် သန့်ရှင်းရာအရပ်သို့ တကြိမ်ဝင်ပါသည်၊ ထိုသို့ဖြင့် ကျွန်တော်တို့အတွက် ထာဝရကယ်တင်ခြင်းကို ရယူပေးပါသည်။

၁၃ – အကြောင်းမူကား၊ အကယ်၍သာ မသန့်ရှင်းသူအပေါ်ဖြန်းသော နွားများနှင့်ဆိတ်များ၏အသွေး၊ နွားကလေး ၏ပြာတို့က အသွေးအသားစင်ကြယ်ခြင်းသို့ သန့်ရှင်းစေနိုင်သည်မှန်လျှင်၊

၁၄ – သခင်ခရစ်တော်၏အသွေးက မည်မျှပို၍စင်ကြယ်စေနိုင်မည်နည်း၊ သူသည် ထာဝရဝိညာဉ်တော်အားဖြင့် အစွန်းအထင်းမရှိသောမိမိကိုယ်ကိုအား ဘုရားသခင့်ထံသို့ ပူဇော်ပါသည်၊ သင်တို့၏သြတ္တပ္ပစိတ်များကို သေ ခြင်း၏ အလုပ်များမှ သန့်စင်စေလျှက်၊ အသက်ရှင်တော်မူသောဘုရားသခင်၏အမှုတော်ကို ထမ်းဆောင်စေပါသည်။

၁၅ – ထိုအတွက်ကြောင့် သူသည် ပဋိညာဉ်သစ်၏ကြားဝင်ဖြန်ဖြေပေးသူဖြစ်သည်၊ သေခြင်းနည်းလမ်းဖြင့် ပထမ ပဋိညာဉ်လက်ထက်၏ ကျူးလွန်ခြင်းများမှ ကယ်တင်ခြင်းကိုပေးသည်၊ ခေါ်သောသူတို့က ထာဝရအာမွေ၏ကတိကို လက်ခံကြရရန်ဖြစ်သည်။

၁၆ – အဘယ်ကြောင့်ဆိုသော် ပဋိညာဉ်တခုရှိလျှင်၊ ထိုပဋိညာဉ်ပြုသောသူ၏သေခြင်းသည် မရှိမဖြစ် လိုအပ်ပါသည်။

၁၇ – အဘယ်ကြောင့်ဆိုသော် ပဋိညာဉ်သည် ပြုသောသူတို့သေပြီးမှသာ အာနိသင်သက်ရောက်ပါသည်၊ ပဋိညာဉ်ပြုသူများအသက်ရှင်သ၍ မည်သည့်စွမ်းအားမှ မရှိသေးပါ။

၁၈ – ထိုသို့နှင့်အညီ ပထမပဋိညာဉ်ကို သွေးမပါဘဲ တည်ထားသည် မဟုတ်ပါ။

၁၉ – မောရှေသည် လူထုအားလုံးထံ ပညတ်တော်အရ ဥပဒေသတခုမကျန်ကို ပြောပြပြီးသည့်အခါ၊ နွားသငယ်များ၊ ဆိတ်များ၏အသွေးကိုယူ၍ ရေဖြင့်ရောကာ၊ နီမောင်းသောသိုးမွေး၊ ဟုဿောပ်ပင်ညွှန့်ဖြင့် စာအုပ်နှင့်လူအားလုံး ကို ဖြန်းပါသည်။

၂၀ – ထို့နောက် ဤအရာသည် ဘုရားသခင်က သင်တို့ထံပြုတော်မူသော ပဋိညာဉ်တရား၏ အသွေးဖြစ်သည်ဟု ပြောပါသည်။

၂၁ – ထို့အပြင် တဲတော်နှင့်အမှုတော်ဆောင်ရာ တန်ဆာပလာများအားလုံးကိုလည်း သွေးနှင့် ဖြန်းပါသည်။

၂၂ – ရှိသမျှသောအရာများအားလုံးသည် ပညတ်တော်အရ သွေးအားဖြင့်သာ စင်ကြယ်ပါသည်၊ သွေးသွန်းခြင်းမရှိလျှင် အပြစ်မှလွှတ်ခြင်းမရှိပါ။

၂၃ – ထို့ကြောင့် ကောင်းကင်အထပ်ထပ်၏ ပုံသဏ္ဍာန်အတိုင်းဖြစ်သောအရာများသည် ဤသို့ဖြင့် သန့်စင်စေရန် လိုအပ်ပါသည်၊ သို့သော် ကောင်းကင်နှင့်ဆိုင်သည့်အရာတို့ကိုမူ၊ ထိုထက်ပိုကောင်းသော ယဇ်ပူဇော်ခြင်းများဖြင့် သာ သန့်စင်စေရပါမည်။

၂၄ – ထို့ကြောင့် ခရစ်တော်သည် စစ်မှန်သောအရာ၏အရိပ်သဏ္ဍာန်များသာဖြစ်သည့် လူလက်ဖြင့်လုပ်သော သန့်ရှင်းသောအခန်းများသို့ မဝင်ပါ၊ သို့သော် ကောင်းကင်ဘုံထဲသို့ဝင်ရောက်ပါသည်၊ ယခုချိန်တွင် ကျွန်တော်တို့အတွက် ဘုရားသခင်ရှေ့တွင် ရောက်ရှိနေပါသည်။

၂၅ – ထို့အပြင် သူသည် သန့်ရှင်းသောအခန်းထဲသို့ နှစ်တိုင်း အခြားသူတို့၏သွေးနှင့်ဝင်သော ယဇ်ပုရောဟိတ်မင်းကြီးကဲ့သို့ မိမိကိုယ်ကို ထပ်ခါတလဲလဲ ပူဇော်စရာမလိုအပ်ပါ။

၂၆ – ထိုသို့သာဆိုလျှင်၊ သူသည် ကမ္ဘာတည် သည်ကာလမှ ကြိမ်ဖန်များစွာ ခံရမည်ဖြစ်သည်၊ သို့သော် ကမ္ဘာကြီး ၏အဆုံးတွင် တကြိမ်သာ၊ အပြစ်ကို ဖယ်ရှားပစ် သောယဇ်အဖြစ် မိမိကိုယ်မိမိယဇ်ပူဇော်ရန် ရောက်ရှိလာပါသည်။

၂၇ – လူသည် တကြိမ်သေသည်၊ ထို့နောက် တရားစီရင်ခြင်းခံရမည်ဟု သတ်မှတ်ထားသကဲ့သို့ဖြစ်ပါသည်။

၂၈ – ထိုသို့နှင့်အညီ ခရစ်တော်သည် လူအများ၏အပြစ်ကို ခံပေးရန် တကြိမ် မိမိကိုယ်ကို ပူဇော်သည်၊ ထို့နောက် သူ့အားရှာဖွေသူတို့ထံ အပြစ်မရှိဘဲပြန်လာမည်၊ ကယ်တင်ခြင်းသို့ဖြစ်ပါမည်။

## သခင်ဘုရား၏နေ့ (၁)

၁။ သေခြင်းနှင့်ရှင်ခြင်းအကြောင်းအရာ၌ သင်၏ တခုတည်းသော နှစ်သိမ့်စရာကား အဘယ်နည်း?

ကျွန်ုပ်၏ခန္ဓာနှင့်ဝိညာဉ်သည် အသက်ရှင်ချိန်နှင့်သေချိန် နှစ်ခုလုံးတွင် ကျွန်ုပ်က မပိုင်ဆိုင်ပါ၊ သစ္စာနှင့်ပြည့်စုံသော ကျွန်ုပ်၏ကယ်တင်ရှင် သခင်ယေရှုခရစ်ကသာ ပိုင်တော်မူ၏။ သူသည် ကျွန်ုပ်၏အပြစ်များအားလုံးအတွက် သူ၏တန်ဖိုးရှိလှသော အသွေးတော်ဖြင့် ဘုရားသခင်၏ကျေနပ်မှုကို ပြည့်စုံစေတော်မူ၏။ ထို့အပြင် နတ်ဆိုး ၏တန်ခိုးအလုံးစုံမှ ကျွန်ုပ်အားကယ်တင်တော်မူ၏။ ထို့အပြင် ကျွန်ုပ်အား အထူးတလည် ကာကွယ်စောင့်ရှောက် သဖြင့် ကောင်းကင်ဘုံ၌ရှိတော်မူသော အဖဘုရားသခင်၏အလိုတော် မပါဘဲ၊ ကျွန်ုပ်၏ ဆံပင်တပင်မျှ ကျွန်ုပ်၏ဦး ခေါင်းမှ မပြုတ်ကျနိုင်ပါ။ မှန်ပါသည်၊ အရာခပ်သိမ်းက ကျွန်ုပ်ကယ်တင်ခြင်းရရန် လုပ်ဆောင်ပေးကြရမည်ဖြစ် သည်။ ထို့ကြောင့် ထာဝရအသက်ရမည်ဟု သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် သူက ကျွန်ုပ်ကို သေချာစေပါသည်။ ကျွန်ုပ်သည် ယခုမှစ၍ သူ့အတွက် အသက်ရှင်သူဖြစ်ရန် ရိုးသားစွာ ဆန္ဒရှိသူ၊ အသင့်ပြင်သူ ဖြစ်စေတော်မူပါသည်။

၂။ ထိုနှစ်သိမ့်မှုကို ခံစားလျက် ပျော်ရွှင်စွာ နေထိုင်ကာ၊ ပျော်ရွှင်စွာသေနိုင်ရန် အကြောင်းအရာ မည်၍မည်မျှကို သိဖို့ လိုအပ်ပါသနည်း?

အကြောင်းအရာသုံးမျိုး ဖြစ်သည်။ ပထမ၊ ကျွန်ုပ်၏အပြစ်များနှင့်ဒုက္ခဆင်းရဲခြင်းများသည် မည်မျှကြီးမားသည်ကို သိရှိခြင်း၊ ဒုတိယ၊ ထိုအပြစ်များနှင့် ဒုက္ခဆင်းရဲခြင်းများထဲမှ ကျွန်ုပ်မည်သို့လွတ်မြောက်နိုင် မည်ကိုသိရှိခြင်း၊ တတိ ယ၊ ထိုသို့ လွတ်မြောက်စေမှုအတွက် ဘုရားသခင်အပေါ်ထားရှိသည့် ကျေးဇူးတရားကို ကျွန်ုပ်က မည်သို့ထုတ်ဖေါ် ရမည်ကိုသိရှိခြင်း စသည်တို့ဖြစ်သည်။